BRITISH COUNCIL

# ဘေးကင်းလုံခြုံစေရေးကျင့်ဝတ်

www.britishcouncil.org

## နိဒါန်း

မိမိတို့၏အနာဂတ်အမြင်၊ တန်ဖိုးတို့နှင့်အညီ ဗြိတိသျှကောင်စီဝန်ထမ်းများ၊ ဆက်စပ်နီးနွယ်သည့် ပုဂ္ဂိုလ်များအကြား အကောင်းဆုံး ကျင့်ဝတ်စောင့်ထိန်းနိုင်ရေးကို အလေးထားလျှက်ရှိပါသည်။ ဗြိတိသျှကောင်စီမှ ဝန်ထမ်းများ အဓိကကျင့်ကြံစေလိုသော နယ်ပယ်များကို ပိုမိုနားလည်စေရန် အသေးစိတ်ဖော်ပြအပ်ပါသည်။

## စည်းဘောင်နှင့်ရည်ရွယ်ချက်

ဤဘေးကင်းလုံခြုံမှုကျင့်ဝတ်သည် ဗြိတိသျှကောင်စီနှင့်(သို့)ဗြိတိသျှကောင်စီအတွက်လုပ်ကိုင်သူ မည်သူနှင့်မဆို အကျုံးဝင်ပါသည်။ တိုက်ရိုက်ခန့်အပ်သည့်ဝန်ထမ်း၊ ကိုယ်စားလှယ်၊ ကန်ထရိုက်တာ၊ အေဂျင်စီဝန်ထမ်း၊ အတိုင်ပင်ခံ၊ လုပ်အားပေးနှင့် အလုပ်သင်များပါဝင်ပါသည်။

ဤဘေးကင်းလုံခြုံမှုကျင့်ဝတ်၏ ရည်ရွယ်ချက်မှာ ဝန်ထမ်းအားလုံးတာဝန်ကိုယ်စီသိရှိစေပြီး လိုလားအပ်သည့် အပြုအမူများကို ချမှတ်ပေးရန်ဖြစ်ပါသည်။ ထို့ကြောင့် ဘေးကင်းလုံးခြုံသည့် ဝန်းကျင်များ ဖော်ဆောင်နိုင်ရေးအပေါ် ဗြိတိသျှကောင်စီမှ ဆက်လက် အလေးထားပုံကို အားလုံးယုံကြည်စိတ်ချစေမည်လည်းဖြစ်ပါသည်။ ဤကျင့်ဝတ်သည် ဘေးကင်းလုံခြုံမှုဗျူဟာ၊ ဘေးကင်းလုံခြုံမှုမူဝါဒနှင့် ဘေးကင်းလုံခြုံစေရေး မူဘောင်တစ်ရပ်ချမှတ်ပေးသည့် လုပ်ထုံးလုပ်နည်းမှတ်တမ်းမှတ်ရာများနှင့် တစ်တွဲတည်းဖြစ်ပါသည်။ ဘေးကင်းလုံခြုံမှုကျင့်ဝတ်ကို အစဉ်အသုံးချနိုင်ပါသည်။ ကျင့်ဝတ်ချိုးဖောက်မှုအတွက် စည်းကမ်းထိန်းသိမ်း အရေးယူရာတွင် အလုပ်ဖြုတ်ခြင်းအပါအဝင် လုပ်ဆောင်နိုင်ပါသည်။

ဗြိတိသျှကောင်စီသည် ယဉ်ကျေးမှုဆက်ဆံရေးနှင့်ပညာရေးအခွင့်အလမ်းတို့အတွက် ယူကေ၏နိုင်ငံတကာ အဖွဲ့အစည်း တစ်ခုဖြစ်ပါသည်။ ၁၉၃၄-ခုတွင် တည်ထောင်ခဲ့ပြီး ၁၉၄၀-ခုတွင် တော်ဝင်ပဋိညာဉ်၌ အကျုံးဝင်ခဲ့ပါသည်။ ၁၉၉၃-ခုတွင် နောက်ဆက်တွဲ အကျုံးဝင်မှုပဋိညဉ်ကိုခွင့်ပြုခဲ့သည်။ အင်္ဂလန်နှင့် ဝေးလ်တို့တွင်ပရဟိတလုပ်ငန်းအဖြစ်မှတ်ပုံတင်ထားပါသည်။ လုပ်ငန်းဆောင်ရွက်မှုအရ အမှီအခိုကင်းသော နိုင်ငံရပ်ခြား ဓနသဟာယနှင့်ဖွံ့ဖြိုးရေးရုံး (FCDO)ထံမှ ဗြိတိသျှကောင်စီက နှစ်စဉ်ကူညီပံ့ပိုးမှုရရှိပါသည်။ တော်ဝင်ပဋိညဉ်အရ ပရဟိတအဖြစ်အကျုံးဝင်သည့်နည်းတူ အမျိုးသားစာရင်းအင်းရုံး(Office of National Statistics)မှလည်း စီးပွားဖြစ်လည်းမဟုတ်၊ ဌာနတစ်ရပ်လည်း မဟုတ်သော အများပြည်သူဆိုင်ရာ၊ အလုပ်အမှုဆောင် အဖွဲ့အစည်း တစ်ခုအဖြစ် သတ်မှတ်ထားပါသည်။

ဘေးကင်းလုံခြုံမှုကျင့်ဝတ်ကို ယူကေနှင့်ကမ္ဘာတစ်ဝှန်း အကြောင်းအားလျှော်စွာ အသက်ဝင်နိုင်ပါသည်။ အလေ့အကျင့်နှင့် ဥပဒေပြုမှုတို့ ဖွံ့ဖြိုးတိုးတက် အပြောင်းအလဲရှိတတ်သော နေရာများတွင် ထိုကျင့်ဝတ်ကို ဖြည့်ဆည်းလိုပါသည်။ မည်သည့်နေရာတွင်ဖြစ်စေ ဗြိတိသျှကောင်စီ ဝန်ထမ်းများသည် ဒေသတွင်းဥပဒေများကို လိုက်နာရမည်ဖြစ်ပြီး ၎င်းတို့အပြုအမူများသည်လည်း ကျင့်ဝတ်နှင့် တစ်ပြေးညီဖြစ်ရန် လိုအပ်ပါသည်။

## အဖွဲ့အစည်းဆိုင်ရာတန်ဖိုး

မိမိတို့ပြောဆိုလုပ်ကိုင်သမျှ၊ လူအများနှင့်ပြုမူဆက်ဆံဆက်သွယ်သမျှ ဗြိတိသျှကောင်စီ၏ တန်ဖိုးအပေါ်အခြေပြုထား ပါသည်။ တန်ဖိုးတစ်ခုချင်း၏ ဆိုလိုရင်းကို တိုတိုရှင်းရှင်းဖော်ပြအပ်ပါသည်။

## ပွင့်လင်းပြီးတာဝန်သိခြင်း

မိမိတို့အလုပ်အပေါ်ယုံကြည်မှုမှ မိမိတို့ဆက်ဆံသူများ၊ လုပ်ကိုင်သည့်နေရာများအပေါ် နက်နက်နဲနဲဖြင့် ရေရှည်တာဝန်ယူမှု အသွင်ဆောင်စေပါမည်။ အပြုသဘောဆောင် ပြောင်းလဲမှု ဖြစ်ပေါ်လာစေရေး ပွင့်လင်းရိုးသားစွာ စိန်ခေါ်မှုများကို ရင်ဆိုင်ကာ တာဝန်ယူပါမည်။

## ကျွမ်းကျင်ပြီးအများအကျိုးဝင်ခြင်း

မိမိတို့လုပ်ဆောင်သမျှ အများအကျိုးဝင်မှုကို ဗဟိုပြုပါသည်။ လူတိုင်းနှင့် ဆွေးနွေးခြင်းဖြင့် အချင်းချင်းသင်ယူကာ မိမိတို့ အတွေ့အကြုံ၊ ဗဟုသုတ၊ ကျွမ်းကျင်မှုအားလုံး ပေါင်းစုလျှက် အကောင်းဆုံး ဆောင်ရွက်စေနိုင်ပါမည်။

## အကောင်းမြင်ပြီးရဲဝံ့ခြင်း

အလုပ်ဖြစ်သည့်အရာများကို မိမိတို့မှ အကောင်းမြင်ဖန်တီးလုပ်ဆောင်ကြပါသည်။ လူတိုင်းအတွက် ပိုကောင်းသည့်အနာဂတ်ဖော်ဆောင်ရာတွင် ရဲရဲဝံ့ဝံ့ရွေးချယ်ရန် နောက်တွန့်နေမည်မဟုတ်ပါ။

## ဘေးကင်းလုံခြုံရေးကျင့်ဝတ်စံနှုန်း

ဗြိတိသျှကောင်စီဝန်ထမ်းတစ်ဦးအနေဖြင့်-မိမိ၏တစ်သီးပုဂ္ဂလအပြုအမူကို ဗြိတိသျှကောင်စီ၏ တန်ဖိုး၊ စံနှုန်းတို့နှင့် ညီညွတ်စေကာ ဗြိတိသျှကောင်စီ၏သိက္ခာနှင့်ဂုဏ်သတင်းကို ထိန်းသိမ်းမြှင့်တင်ရပါမည်။

**အမြဲတမ်း**လုပ်ဆောင်သင့်သည့်အရာများမှာ

- လေးလေးစားစား၊ ဂုဏ်သိက္ခာရှိစွာဖြင့် အားလုံးကို ခွဲခြားမှုမပြုပဲ ဆက်ဆံခြင်း
- ဗြိတိသျှကောင်စီကို ကိုယ်စားပြုလျှက် နိုင်ငံတကာအခင်းအကျင်းတွင်ဖြစ်စေ၊ နိုင်ငံတကာခရီးသွားလျှင်ဖြစ်စေ ဒေသတွင်း ဥပဒေများလိုက်နာပြီး ဒေသတွင်းဓလေ့ထုံးစံများကို လေးစားခြင်း
- လုပ်ငန်းခွင်အတွင်းအပြင် မိမိ၏အပြုအမူမှ ဗြိတိသျှကောင်စီကို သိက္ခာမကျစေခြင်း၊ ခန့်အပ်ထားသည့်ကဏ္ဍတွင် မိမိ၏စွမ်းဆောင် ရည်ကို ထိခိုက်မှုမရှိစေခြင်း
- ကလေးသူငယ်၊ လူကြီးများကို နားထောင်ခြင်း လေးစားခြင်း၊ သင့်လျော်သလိုအင်အားဖြည့်တင်းပေးခြင်း၊ လုပ်ဆောင်ချက်များ ပြင်ဆင်မှု၊ ပို့ချမှုတို့တွင် တတ်စွမ်းသမျှပါဝင်ခွင့်ပေးခြင်း
- ကလေးသူငယ်၊ လူကြီးတို့နှင့်လုပ်ကိုင်သည့်အခါ ထင်သာမြင်သာရှိစွာ ဖြစ်နိုင်သည့်အတိုင်းအတာအတွင်း ကူညီပေးခြင်း
- မိမိတို့လုပ်ကိုင်သည့်အလုပ်၊ အနေအထားတို့နှင့်သင့်တော်စွာ ဝတ်စားဆင်ယင်ခြင်း
- ကလေးသူငယ်၊ လူကြီးများအတွက် ဘေးဥပါဒ်ဖြစ်စေနိုင်မည့်အနေအထားများကို သတိမူလျှက် သင့်တင့်လျောက်ပတ်စွာ ဆောင်ရွက်ခြင်း
- ကိစ္စအဝဝတွင်သင့်တင့်လျောက်ပတ်စွာသတိချပ်ခြင်း
- ညံ့ဖျင်းသည့်အလေ့အကျင့်၊ မတော်မတရားကျင့်မှုတို့ ရှိခဲ့လျှင် လျစ်လျူရှုမထားစေရန် ဝန်ထမ်းများအကြား တာဝန်သိစိတ် ရှိစေခြင်း
- ဘေးအန္တရာယ်ကြုံနေရသည့် ကလေးသူငယ်/အရွယ်ရောက်ပြီးသူများကာကွယ်ရေးနှင့် သာစေမာစေရေး ရတက်မအေးဖွယ်

ဖြစ်ခဲ့လျှင် ဘေးကင်းလုံခြုံစေရေး အဓိကတာဝန်ရှိသူ၊ လိုင်းမန်နေဂျာသို့မဟုတ် အဖွဲ့အစည်းဘေးကင်းမှုအဖွဲ့ထံ အစီရင်ခံခြင်း

- မတော်မတရားပြုကျင့်သည်ဟု အမှန်တကယ်(သို့)သံသယရှိနိုင်သည့် အနေအထားများနှင့် စပ်လျဉ်း၍ လျှို့ဝှက်အပ်သည်များ လျှို့ဝှက်ကာ ညွှန်ကြားချက်နှင့်အညီ သတင်းအချက်အလက်များ ဝေမျှပါ။ သက်ဆိုင်သူများ၏ တစ်ဦးချင်းလွတ်လပ်ခွင့်ကို ကာကွယ်ပေးရန်လိုအပ်ပါသည်။
- သင်ကြားရေးတွင်လုံခြုံနိုင်သမျှလုံခြုံနိုင်အောင် ဘေးကင်းလုံခြုံစေရေးအကြောင်း အင်ထရာနက်စာမျက်နာမှ နောက်ထပ် အရင်းအမြစ်များကို ဆရာ/မတို့ကြည့်ရှုရန် အားပေးအပ်ပါသည်။
- ကလေးတို့နှင့် ဆက်သွယ်သည့်အခါ ဗြိတိသျှကောင်စီ၏လုပ်ငန်းအီးမေးလ်ကို အမြဲတမ်းသုံးပြီး မိဘများကို ထည့်သွင်းပေးပို့ပါ။
- မိမိလုပ်ငန်းခွင်မှ ဥပဒေရေး၊ ကျန်းမာရေးနှင့် ဘေးကင်းစေရေး သတ်မှတ်ချက်အားလုံး လိုက်နာပါ။

    - အဖွဲ့အစည်းရှိ ကျန်းမာရေး၊ ဘေးကင်းစေရေးနှင့် လုံခြုံရေး ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများအားလုံး လိုက်နာဆောင်ရွက်ပါ။
    - ကျေးဇူးခံအဖွဲ့အစည်းနှင့် ရပ်ရွာလူထုအပါအဝင် မိမိနှင့် သူတစ်ပါးဘေးကင်းစေရေး၊ ကျန်းမာရေးနှင့်သာစေမာစေရေး အန္တရာယ်မဖြစ်စေနိုင်မည့် နည်းဖြင့်ပြုမူဆောင်ရွက်ပါ။

## မည်သည့်အခါမှမလုပ်ဆောင်ရန်မှာ

- ကလေး၊ အရွယ်ရောက်ပြီးသူများကို ရိုက်နှက်ခြင်း (သို့)ကိုယ်ထိလက်ရောက် တိုက်ခိုက်ခြင်း
- မည်သူ့ကိုမဆို အရှက်ခွဲ၊ ချိုးနှိမ်ပြီး အထင်သေးကာ သိက္ခာကျစေမည့် အပြုအမူ
- သူတစ်ပါးကို ပယ်ထားပြီး ကလေးသူငယ်၊ အရွယ်ရောက်ပြီးသူများကို ခွဲခြားဆက်ဆံခြင်း၊ ဦးစားပေးဆက်ဆံပြုခြင်း
- သင့်လည်းမသင့်၊ စိတ်ဆိုးဖွယ်လည်းဖြစ်ပြီး ကြိမ်းမောင်းဆဲဆိုသည့် စကားသုံးခြင်း၊ အကြံပြုခြင်း
- ဘေးတွေ့နေရသည့် ကျေးဇူးခံတစ်ဦး/ဝန်ဆောင်ပေးရမည့် ကလေးသူငယ်/အရွယ်ရောက်ပြီးသူတစ်ဦးကို လူအများနှင့်ခွဲပြီး တစ်ဦးတည်း အချိန်ကုန်ဆုံးစေခြင်း
- ကြိမ်းမောင်းဆဲဆိုသော(သို့)အမြတ်ထုတ်သောအပြုအမူလုပ်ဆောင်ခြင်း
- (အသက် ၁၈-နှစ်အောက်)ကလေးငယ်နှင့်လိင်ဆက်ဆံခြင်း- ကလေးအသက်အရွယ်ကိုအမှတ်မှားမိသည်ဟု ဆင်ခြေမတက်နိုင်ပါ။
- လိင်ဆက်ဆံရန် ဝန်ခံနိုင်သည့် အသက်အရွယ်ကို ၁၈-နှစ်အောက် သတ်မှတ်ထားသည့် နိုင်ငံများတွင်ပင် အသက် ၁၈-နှစ်အောက်ကလေးများနှင့်ဖြစ်စေ၊ ဝန်ဆောင်မှုရယူသည့် အရွယ်ရောက်ပြီးသူ(သို့)ကျေးဇူးခံတစ်ဦးနှင့်ဖြစ်စေ လိင်ကိစ္စအတွက် အခကြေးငွေပေးခြင်း
- လိင်ကိစ္စအတွက်(သို့)အခြားသိက္ခာညှိုးနွမ်းစေသည့် အမြတ်ထုတ်သော အပြုအမူများအတွက် ငွေအပေးအယူလုပ်ခြင်း၊ အလုပ်၊ ကုန်ပစ္စည်း၊ ဝန်ဆောင်မှုပေးခြင်း၊
- ကလေးလုပ်သား(သို့)လူကုန်ကူးမှုလုပ်ငန်းများ အပါအဝင် ကလေး၊ အရွယ်ရောက်ပြီးသူများကို တစ်သီးပုဂ္ဂလအကျိုးအတွက် သော်လည်းကောင်း၊ ငွေကြေးအရသော်လည်းကောင်း အမြတ်ထုတ်ခြင်း
- ကလေးသူငယ်၊ အရွယ်ရောက်ပြီးသူများကို ညစ်ညမ်း/ရုံ့ရင်းသောအကြောင်းအရာများနှင့် ထိတွေ့စေခြင်း
- တရားမဝင်၊ ဘေးလည်းမကင်း၊ မတော်မတရားကျင့်ရာလည်းကျသည့် လုပ်ဆောင်ချက်များတွင် ကလေးလူငယ်၊ အရွယ်ရောက်ပြီးသူများကို ပါဝင်ခွင့်ပေးခြင်း

- တရားမဝင် မူးယစ်ဆေးဝါး ကိုယ်တိုင်သုံးခြင်း၊ သုံးရန်အားပေးခြင်း
- အရက်သေစာ (သို့)တရားမဝင် မူးယစ်ဆေးဝါးသောက်သုံးပြီးလုပ်ကိုင်ခြင်း
- ဗြိတိသျှကောင်စီ၏ ကျေးဇူးခံ(သို့)ဝန်ဆောင်မှုရယူသူ ကလေးသူငယ်(သို့)ထိခိုက်လွယ်သောအရွယ်ရောက်ပြီးသူတို့နှင့် တစ်ခန်းတည်း အတူအိပ်ခြင်း
- လုပ်ငန်းခွင်တွင် ဆုံခဲ့သည့် ကလေးကို အိမ်အလည်ခေါ်ခြင်း၊ လာခွင့်ပေးခြင်း
- အရွယ်ရောက်ပြီးသူ အခြားတာဝန်ခံသူတစ်ယောက် မရှိပဲ (သို့) တိုက်ရိုက်ကွပ်ကဲသည့် စီမံခန့်ခွဲသူမှ တမင်တကာ သဘောတူညီမှုမရှိပဲ ကလေးအိမ်တွင်း ဝင်ရောက်ခြင်း
- တိုက်ရိုက်ကွပ်ကဲသည့် စီမံခန့်ခွဲသူမှ သဘောတူညီမှုမရှိပဲ အရွယ်ရောက်ပြီးသူ ကျေးဇူးခံတစ်ယောက်၏အိမ်တွင်း ဝင်ရောက်ခြင်း
- မိမိ၏ကိုယ်ပိုင်အီးမေးလ်၊ လူမှုမီဒီယာကွန်ယက်၊ မိုဘိုင်းဖုန်း စသည့်နည်းလမ်းများဖြင့် ကလေးသူငယ်၊ အရွယ်ရောက်ပြီးသူများကို သီးခြားဆက်သွယ်ရန် အားပေးခြင်း
- ဗြိတိသျှကောင်စီ၏ အိုင်တီပစ္စည်းကိရိယာ၊ ဆော့ဖဝဲ၊ အီးမေးနှင့် လူမှုမီဒီယာပလက်ဖောင်းများကို ဒေသတွင်းနှင့် နိုင်ငံတကာဥပဒေအရ ပြစ်မှုမြောက်စေမည့် လုပ်ဆောင်ချက်များအတွက်သုံးခြင်း၊ ပြစ်မှုဖြစ်မြောက်သည့် အပြုအမူကို အားပေးခြင်း။ ထိန်းသိမ်းအပ်သည့် စရိုက်လက္ခဏာကို အခြေပြုလျှက် အုပ်စုတစ်စုကို ခြိမ်းခြောက်ခြင်း၊ နှောက်ယှက်ခြင်း (သို့)အစွန်းရောက်မှုကိုအားပေးခြင်းတို့ပါဝင်သည်။
- ဗြိတိသျှကောင်စီ၏ အိုင်တီကိရိယာများသုံး၍ ကလေးသူငယ်(သို့)အရွယ်ရောက်ပြီးသူတို့၏ မဖွယ်မရာ ရုပ်ပုံများအပါအဝင် မသင့်တော်သော(သို့)ရုံ့ရင်းကြမ်းတမ်းသော အကြောင်းအရာ/ပစ္စည်းများ ကြည့်ခြင်း၊ ဒေါင်းလုဒ်လုပ်ခြင်း၊ ဖန်တီးခြင်း၊ ဝေမျှခြင်း၊ မည်သည့်ပုံစံဖြင့်မဆို သိမ်းဆည်းခြင်း
- ဗြိတိသျှကောင်စီလုပ်ဆောင်ချက်များတွင် ပါဝင်သည့် ကလေးသူငယ်(သို့)အရွယ်ရောက်ပြီးသူများကို ကြိုတင်ခွင့်ပြုချက်မယူပဲ ဓါတ်ပုံရိုက်ခြင်း။ ဓါတ်ပုံ၊ အသံ၊ ဗီဒီယိုပစ္စည်းများသုံးရာတွင် ကလေး၏ မိဘခွင့်ပြုချက်(သို့)တရားဝင်အုပ်ထိန်းသူ၏ ခွင့်ပြုချက် အမြဲတမ်းလိုအပ်ပါသည်။
- လွဲမှားစွာပြုကျင့်မှုအကြောင်းအငြင်းပွားချက်(သို့)ထုတ်ဖော်ချက်ကိုအစီရင်ခံမှုမပြုခြင်း
- လုပ်ဖော်ကိုင်ဖက်အကြောင်း၊ အလုပ်နှင့်စပ်လျဉ်းသည့်အကြောင်း(သို့)ထိလွယ်ရှလွယ်သည့် မည်သည့်လျှို့ဝှက် အချက်အလက်မဆို တရားဝင်လုပ်ခွင့်မပေးပဲ ထုတ်ဖော်ခြင်း
- ကလေးသူငယ်တစ်ဦး(သို့)အရွယ်ရောက်ပြီးသူတစ်ယောက်အပေါ် မတော်မတရားပြုကျင့်ခြင်း၊ အမြတ်ထုတ်ခြင်းအကြောင်း သတင်း အချက်အလက်ကို လျှို့ဝှက်ထားရန် သဘောတူခြင်း

**သဘောတရားကိုခြုံငုံသုံးသပ်သော် မသင့်တော်(သို့)မတော်မတရားဖြစ်သည်ဟုထင်မြင်နိုင်သည့် လုပ်ရပ်(သို့)အပြုအမူများကို ဝန်ထမ်းတို့ရှောင်ရှားရန်ဖြစ်ပါသည်။**